# Minutes of Myanmar Language Information Management Network Meeting

*28th September 2022, 2PM MMT, online via Zoom*

## Agenda

1. Upgraded MIMU PCoder – *Presented by MIMU*
2. MIMU 5W Updates – *Presented by MIMU*
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: ACF, ARC, AMDA, CARE, CSI, Cesvi, DRC, EC, GEN, Ipas, Jhpiego, LWF, MAG, MEDG, MIMU, NAG, UN-Habitat, UNRCO, WFP, WV, WF (26 participants from 21 organisations)

## 1. **Upgraded MIMU PCoder** – *Presented by MIMU*

MIMU မှ ဆရာဇင်မင်းထွန်းမှ Pcoder ကို ဗားရှင်းမြှင့်ထားပြီး မြို့နဲ့ ကျေးရွာအဆင့်မှာ longitude latitude လောင်ဂျီကျူ၊ လတ္တီကျူ အချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့်upgrade လုပ်ထားကြောင်းရှင်းပြပါသည်။ ဆက်လက်ပြီး Pcoder ဆိုသည်မှာ နေရာဒေသအမည်များအား MIMU ၏ နာမည် စာလုံးပေါင်း အတိုင်း ကိုက်ညီစေရန် ယှဉ်တွဲဖေါ်ပြပေးခြင်းနှင့် MIMU Pcode အား အလိုအလျောက် ထည့်သွင်းပေးသည့် Microsoft Excel တွင် ထည့်သွင်းအသုံးပြုရသော Excel Add-in တစ်ခု ဖြစ်ကြောင်း၊ နေရာဒေသ အင်္ဂလိပ်အမည်များနှင့် မြန်မာအမည်များအတွက် Pcoder ကို အသုံးပြုနိုင်ကြောင်း ရှင်းပြပါသည်။ PCoder ကို နီပေါမှ OCHA ဝန်ထမ်းတစ်ယောက်မှ excel app အနေနဲ့ စတင်ဖန်တီးခဲ့ပြီး MIMU မှ MIMU place name များ code များ ထပ်ထည့်လို့ရအောင် ထပ်မံပြုပြင်ဖန်တီးခဲ့ခြင်း ဖြစ်ကြောင်း ပြောပြပါသည်။

ဆက်လက်ပြီး MIMU Pcoder ကို အသုံးမပြုမီ ကြိုတင်သိထားသင့်သည့် နည်းပညာဆိုင်ရာအချက်များကို ရှင်းလင်းပြောပြပါသည်။ ထို့နောက် Pcoder ထည့်သွင်းပုံ အသေးစိတ်ကို လက်တွေ့ အဆင့်ဆင့် ရှင်းလင်းပြသပေးခဲ့ပါသည်။ (နည်းပညာဆိုင်ရာ အချက်များနှင့် Pcoder ထည့်သွင်းပုံအသေးစိတ်ကို Pcoder PowerPoint Slide တွင် လေ့လာနိုင်ပါသည်။)
ဆက်လက်ပြီး ဆရာမ အိအိသိန်းမှ PCoder ကို upgrade လုပ်ထားပြီး နောက်ဆုံးဗားရှင်းတွင် မြန်မာဘာသာဖြင့်တိုက်စစ်လို့ရစေရန် ပြုလုပ်ထားကြောင်း၊ တိုက်စစ်ရာမှာလဲ တိုက်စစ်လိုသည့် PCode version ရွေးလို့ရကြောင်း၊ Google My Map အသုံးပြုသူများ အနေဖြင့်လဲ village data set file ကို PCoder ဖြင့် တိုက်စစ်ပါက လတ္တီကျူ၊ လောင်ဂျီကျူ အချက်အလက်များကို တွဲရမည်ဖြစ်ပြီး ထိုဖိုင်ကို Google My Map တွင် upload လုပ်ပါက လတ္တီကျူ၊ လောင်ဂျီကျူ အချက်အလက်ပါပြီး ဖြစ်သောကြောင့် ရွာပွိုင့်များ တခါတည်း တင်ပြီးသား ဖြစ်ပြီး ချိတ်ဆက်အသုံးပြုနိုင်သော အားသာချက်များကို ထပ်ပေါင်း ဆွေးနွေးခဲ့ပါသည်။

Pcode Page - [http://themimu.info/place-codes](http://themimu.info/place-codes)

## 2. MIMU 5W Updates

5W ကို ဩဂုတ်လ ၂၀၂၂ တွင် ကောက်ယူခဲ့ပြီး ထိုအပတ်စဉ် ကောက်ခဲ့သော အချက်အလက်များနှင့် ပတ်သတ်ပြီး MIMU မှ Data Manager ဆရာမ ဒေါ်အိအိသိန်းက အောက်ပါအတိုင်း ပြောပြဆွေးနွေးခဲ့ပါသည်။

လက်ရှိအပတ်စဉ် (ဩဂုတ် ၂၀၂၂) တွင် အရင် အပတ်စဉ် (မတ် ၂၀၂၂) ထက် 5W အချက်အလက်ပေးပို့သူ ၁၆ ဖွဲ့ ပိုတိုး ရရှိခဲ့ပါသည်။ စုစုပေါင်း ၂၂၅ ဖွဲ့ရရှိပြီး အဓိက ထပ်တိုးလာသော အဖွဲ့များမှာ INGO များဖြစ်ပြီး ၁၁ ဖွဲ့ တိုးလာပါသည်။ NNGO အနေဖြင့် ၅ ဖွဲ့ ထပ်တိုးခဲ့ပါသည်။

5W Data များကို ၂၀၂၁ ခုနှစ် မတိုင်ခင်အထိ အဖွဲ့အစည်းအမည်များပါဝင်သော 5W Excel Data File များကို MIMU Website မှာ တင်ထားပေးပြီး နောက်ပိုင်းတွင် Data File များအပြင် အဖွဲ့အစည်း အမည်ပါသော မည်သည့်အချက်အလက်မှ MIMU Website ပေါ်မတင်ထားတော့ပါ။ Data များ ကောက်ယူရာတွင် Open, Restricted ဟု နှစ်မျိုးရှိပြီး သတ်မှတ်ထားသော အဖွဲ့အစည်းများ (5W ပေးပို့ထားသော အဖွဲ့အစည်းများ၊ Coordnation Group များ၊ Donor များ) ကို Open အနေဖြင့် ပေးပို့ထားသော Data များကိုသာ Data Request လုပ်ပါက ပေးပို့ပါသည်။ Restricted အနေဖြင့် ပေးပို့ထားသော Data များကို Org Code စနစ်ဖြင့် Confidential အနေနှင့် သိမ်းထားပြီး မည်သည့် အဖွဲ့အစည်းကိုမှ ပြန်လည်မျှဝေခြင်း မပြုလုပ်ပါ။ ယခင် အပတ်စဉ်များတွင် Data ပမာဏ လိုင်းပေါင်း ၁ သိန်းခွဲလောက်တွင် ၁ သောင်းခွဲလောက်သာ Confidential ဖြစ်သောကြောင့် ၁၀% လောက်သော ဖြစ်ပြီး ယခု အပတ်စဉ်တွင် Confidential data မှာ ၃၅% လောက်ရှိပြီး အထူးသဖြင့် Agriculture Sector သည် Confidential အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် Protection နှင့် Nutrition Sector တို့ လိုက်ပြီး ၎င်း sector များအတွက် အချက်အလက်ရယူလိုသူများအနေဖြင့် အချက်အလက် အပြည့်အဝမရနိုင်ပါ။

Product များအနေဖြင့် ယခင်အပတ်စဉ်များနည်းတူ Sector/Cluster မြေပုံများ၊ 5W Township Dashboard နှင့် Village Tract Dashboard တို့ကို ထုတ်မည်ဖြစ်ပြီး Dashboard များတွင် Report ပေးပို့သူများအတွက် ကောင်းမွန်သော နည်းလမ်းတစ်ခု ထပ်မံထည့်သွင်းထားပါသည်။ Overview Report Narattive Report များ မထုတ်ဖို့များပြီး Overview Dashboard အနေနှင့် ထုတ်မည်ဖြစ်သည်။ ယခင်အပတ်စဉ်များ နည်းတူ Comparison Analysis Report ထုတ်ဖို့ ရှိပြီး ယခုအပတ်စဉ်တွင် ဩဂုတ်လ ၂၀၂၀၊ အောက်တိုဘာ ၂၀၂၁၊ နှင့် ဩဂုတ် ၂၀၂၂ ကို နှိုင်းယှဉ်ရန် ပြင်ဆင်ထားပြီး မကြာမီ ထွက်မည်ဖြစ်သည်။

5W တွင် ပါဝင်လိုပါက 5W Data Entry Form နှင့် 5W Guideline ကို MIMU Website မှ 5W Page တွင် လေ့လာနိုင်မည်ဖြစ်ပြီး 5W Data Entry Form ကို ဖြည့်နည်းကိုပါ ဗီဒီယိုဖိုင်အနေနှင့် တင်ထားပေးပါသည်။ 5W Data တောင်းယူလိုပါက Map & Data Request မှ Online Data Request Link မှတဆင့် Organisation Email ကို အသုံးပြုပြီး တောင်းခံနိုင်ပါသည်။ (Organisation Email မှာ Gmail ဖြစ်နေပါက ဆရာမ အိအိသိန်း (ei.ei.thein@undp.org) သို့ တိုက်ရိုက် ပေးပို့ တောင်းခံနိုင်ပါသည်)။ ဆက်လက်ပြီး 5W Village Tract Dashboard နှင့် Township Dashboard ကို ထပ်တိုးထားသော Feature အသစ်နှင့်အတူ လက်တွေ့ရှင်းပြခဲ့ပြီး အသစ်ထပ်မံပြုလုပ်ထားသော 5W Overview Dashboard ကိုလဲ လက်တွေ့ပြသရှင်းပြခဲ့ပါသည်။ Dashboard များအပေါ်တွင် အကြံပေးနိုင်ပြီး အချက်အလက်လွဲနေသည်များ ရှိပါကလဲ MIMU ကို ဆက်သွယ် ပြောပြပေးနိုင်ပါသည်။

5W Page - http://themimu.info/5w-maps-and-reports

## 3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**MAG။** လောလောဆယ်တွင် ကချင်၊ ရှမ်းမြောက်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင် နှင့် တနင်္သာရီတို့တွင် Mine Risk Education များ ပေးနေပြီး Baseline Survey တို့ကို လုပ်နေပါသည်။

**Care Myanmar။** လောလောဆယ် ရှမ်းမြောက် လားရှိုးတွင် Camp တချို့နှင့် Community host အတွက် humanity assistant၊ development နှစ်ပိုင်းလုံး လုပ်နေတာရှိသည်။ ရခိုင်တွင် development လုပ်တာများပြီး host community အတွက် လုပ်နေသည်များလဲ ရှိသည်။ ကယားအတွက် production ကိစ္စများ၊ humanitarian assistant များ လုပ်နေတာရှိသည်။ မွန်ပြည်နယ် မော်လမြိုင်၊ သံဖြူဇရပ်ဒေသများအတွက် development project များရှိပြီး humanitarian assistant ပေးခြင်းများ၊ emergency response လုပ်ပေးခြင်းများ ရှိသည်။ ရန်ကုန်၊ မန္တလေးများတွင် Gender Project များရှိပြီး အထူးသဖြင့် Gender Based Viloence များ၊ Protection ပိုင်း လုပ်နေသည်များ ရှိပါသည်။

**WFP။** Food Security Clusterရဲ့ IM နဲ့ ပတ်သတ်ပြီး update အနေဖြင့် 5W ကို Quarter 2 အထိ Quarterly ကောက်ခဲ့ပြီး ဇူလိုင်မှ စပြီး Monthly စကောက်ကာ Monthly Report များကို ဩဂုတ်လ နောက်ဆုံးထိ ရရှိထားပြီး Data များကို Cleaning လုပ်နေပါသည်။ Cluster အနေနှင့် ၂၀၂၃ စီမံကိန်း response plan အတွက် target setting ကို လုပ်ဆောင်နေပါသည်။

**LWF။** Project များရှိပြီး အောက်တိုဘာတွင် လက်ရှိ project ပြီးမှာ ဖြစ်ပြီး ယခုလုပ်နေသော Project တွင် livelihood၊ DRR၊ Shelter၊ Social Cohesion အပိုင်း ၄ ပိုင်းနှင့် လုပ်နေပြီး နောက်ထပ် project အသစ်တွင် WASH၊ NFI တို့ လုပ်ဆောင်မည် ဖြစ်သည်။

**CSI။** အဓိကအားဖြင့် ရခိုင်မှာ လုပ်ပြီး NRS တွင် ဘူးသီးတောင်၊ မောင်တောနှင့် CRS တွင် စစ်တွေ၊ ကျောက်တော်၊ မောင်တော ဒေသများတွင် WASH၊ Livelihood၊ Education၊ Nutrition၊ Food Distribution တို့ကို အဓိက လုပ်ဆောင်ပါသည်။

**MIMU။** MIMU 5W product များ စီးရီးလိုက် ထွက်လာမှာ ဖြစ်ပါသည်။ 5W ပြီးပါက Advanced Excel (သို့) IM Workshop training ပေးဖို့ရှိပြီး နိုဝင်ဘာလလောက်တွင် ဖြစ်နိုင်ပါသည်။ IM Workshop ဖြစ်ပါက IM Network Member များနှင့် Group များကိုသာ ဖိတ်ကြား ရွေးချယ် ခေါ်ယူမှာ ဖြစ်ပါသည်။ Advanced Excel ဖြစ်ပါက MIMU မှ Excel Distance ပြီးထားသူများ (သို့) IM Workshop ပြီးထားသူများကိုသာ ရွေးချယ်ဖိတ်ကြား ခေါ်ယူမှာ ဖြစ်ပါသည်။ QGIS Training ကို ပြီးခဲ့သော ၁၉၊ ၂၀ အပတ်တွင် ပေးခဲ့ပြီး GIS Team မှ Field မှ Agency များနှင့် ပူးပေါင်းပြီး MIMU Village Mapping ကို ဆက်လက်လုပ်ဆောင်နေပါသည်။ ပေးပို့ထားသော Village Lat Long ပွိုင့်များကို စစ်ဆေးပြီး update ပြုလုပ်မှာ ဖြစ်ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံ ကျေးရွာများမှာ ၇၈ % သာ village coordinate point များ ရနိုင်ပြီး အေဂျင်စီများအကူအညီဖြင့် ပိုကောင်းသော၊ ပိုမိုတိကျသော ပွိုင့်များရယူနေပြီး ပွိုင့်မရှိသော ရွာများကိုလဲ

အေဂျင်စီများ အကူအညီဖြင့် ပွိုင့်များ ရယူနေတာ ဖြစ်ပါသည်။ MIMU Contact List ကိုလဲ update ကောက်ယူနေပြီး update များကိုလဲ ပေးပို့စေချင်ပါသည်။

## 6. အခြားဆွေးနွေးမှုများ

နောက် တစ်ကြိမ် အစည်းအဝေး ကို နိုဝင်ဘာလ နောက်ဆုံးအပတ် ၂၆ ရက်နေ့တွင် လုပ်မည်ဖြစ်ပြီး ရွေးချယ်ထားသော ခေါင်းစဉ်မှာ Good Practice Sharing for Data Checking and Data Cleaning ဖြစ်ပါသည်။ အဖွဲ့အစည်းများအနေဖြင့် ယင်းခေါင်းစဉ်နှင့် သင့်တော်သော အကြောင်းအရာများကို ဆွေးနွေးရန် ပြင်ဆင်ခဲ့စေလိုကြောင်းနှင့် အခြား IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက မအိအိသိန်း၊ ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။